ခိုနူမ်းထုန်လစဉ်စာစောင်ဖြစ်မြောက်ရေးအတွက် ငွေကြေး အားဖြင့်ပံ့ပိုးကူညီနေသော အိုအက်စ်အိုင် (Open Society Institute) အဖွဲ့၊ (Internews) နှင့်သတင်းမီဒီယာ ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုအတွက် စိတ် ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာများဖြင့် ကူညီအားပေးကြသော ဘီအာရ်စီ (Burma Relief Centre) နှင့် ဘီအန်အိုင် (Burma News International)ကို ခိုနူမ်းထုန် သတင်းဌာန အဖွဲ့သားများမှ အထူး ကျေးဇူးတင်ရှိပါ ကြောင်းဖော်ပြလိုပေသည်။ ထို့အပြင် လစဉ်သတင်း စာဖြစ်မြောက်ရေးအတွက် သတင်းအချက်အလက် များဖြင့် လက်ကမ်းကူညီကြသော ချင်းပြည်သူများနှင့် အခြားသတင်းဌာနများကိုလည်းအတိုင်းမသိကျေးဇူး တင်မိပါသည်။

ခိုနူမ်းထုန်သတင်း႘ါနအဖွဲ့သားများသည် တိကျ မှန်ကန်မှု၊ ယုံကြည်စိတ်ချမှုကို တန်ဖိုးထားသည်နှင့် အညီအမှား အယွင်းများကိုလည်း ချက်ချင်းပြန်လည်ပြင်ဆင်ပေးရန် အမြဲအသင့် ရှိနေသည်။ စာဖတ်သူများအနေဖြင့် အကြံပေး၊ ပြင်ဆင်ပေးစေလိုသော အချက်များရှိပါက အောက်ပါ လိပ်စာအတိုင်းဆက်သွယ်နိုင်ပါသည်။

**Khonumthung News Group**

Phone - 9862648548
- 9862021576
Email - khonumthung@yahoo.com
Website- www.khonumthung.com

# စစ်အစိုးရက ရွေးကောက်ပွဲဝင်မည့် ကြံ့ဖွံ့အသင်းမှ ကိုယ်စားလှယ်လောင်းများကို ငွေအား လူအားဖြင့် ကူညီ

ခိုနူမ်းထုန်သတင်း
၂၁ ဧပြီ ၂၀၀၉

လာမည့် ၂၀၁၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဝင်ထဲမှ ကိုယ်စားလှယ်လောင်းများအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီမှ ငွေအားလူအား ဖြင့် ကူညီထောက်ပံ့နေသည်ဟု သိရသည်။

စစ်အစိုးရသည် ၎င်းတို့ဖွဲ့စည်းထားသည့် ကြံ့ဖွံ့အသင်းထဲမှ ကိုယ်စားလှယ်လောင်းများအတွက် အငြိမ်းစား စစ်ဗိုလ်များ၊ အရပ်သားအစိုးရဝန်ထမ်းအငြိမ်းစားများနှင့် ညောင်နှစ်ပင် ညီလာခံတွင်ပါဝင်တက်ရောက်သည့်ပုဂ္ဂိုလ်များကို လျာထား လျက်ရှိကြောင်းကြံ့ဖွံ့အသင်းဝင်တဦးထံမှ သိရသည်။

"ကျနော်နားလည်ထားတာကတော့ ကြံ့ဖွံ့အသင်းဟာ သူတို့ စစ်အာဏာရှင်အစိုးရ၏အင်အားအတွက်တည်ထောင် ထားတာဖြစ်လို့ ယင်းကိုယ်စားလှယ်များ အနိုင်ရဘို့ အတွက် ဆောင်ရွက်ပေးကြမှာပါ၊ အဲဒီကိုယ်စားလှယ် လောင်းများ အနေနဲ့ ရွေးကောက်ပွဲမှာ မပါဝင်လိုဘူးပဲထား၊ မရမကပါဝင်ခိုင်းကြမှာပဲ၊ ဘာကြောင့်လဲဆိုတော့ ဆန္ဒ ခံယူပွဲတုန်းကတောင် ထောက်ခံမဲကို အတင်း ထည့် ခိုင်းကြတာ မျက်မြင်ပါပဲ၊ လာမည့်ရွေးကောက်ပွဲမှာလည်း ဒီအတိုင်းပြန်လုပ်ကြမှာပါ၊" ဟု အမည်မဖော်လိုသူ ကလေးမြို့သားတဦးကဆိုသည်။

အဆိုပါ ဒေသခံက ဆက်လက်ပြောပြသည်မှာ မိမိတို့ပြည်သူတွေကတော့ ဒီရွေးကောက်ပွဲကို စိတ်မဝင်စားကြ ကြောင်း၊ နေ့တိုင်း ဝမ်းရေးအတွက်သာ လုံးပမ်းနေကြသောကြောင့် လာမည့်ရွေး ကောက်ပွဲကိုလည်း လူထုဆန္ဒမ ပါဘဲ အစိုးရက ၎င်းတို့စိတ်တိုင်းကျ ပြန်လုပ်သွားကြမည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။ဖလမ်းမြို့နယ်ကြံ့ဖွံ့အသင်းဝင်ထဲက ကိုယ်စားလောင်းအဖြစ် စစ်အစိုးရ၏အမျိုးသားညီလာခံသို့တက် ရောက်ခဲ့ သောကိုယ်စားလှယ်များဖြစ်ကြသည့် ဦးကပ်တဲလ် နှင့် ဦး လာလ်သင်မန်းတို့ကို လျာထားကြကြောင်း ဖလမ်းမြို့ နယ် ကြံ့ဖွံ့ အသင်းသား တဦးထံမှ သိရသည်။

အဆိုပါအသင်းသားက "ကျနော်တို့ဖလမ်းကြံ့ဖွံ့အသင်းမှ ရွေးကောက်ပွဲဝင်မည့် ကိုယ်စားလှယ်ကို ကျနော်တို့ကပဲ ရွေးချယ်ချင်တာ၊ ဗဟိုက ခန့်ပေးတာတော့ မကောင်းပါဘူး၊ ကျနော်တို့ အသင်းခေါင်း ဆောင်တွေကိုလည်း သူတို့ကပဲ တိုက်ရိုက်ခန့်ပေးတာပါ၊ အဲဒါလည်းမကောင်းပါဘူး" ဟု ဆက်လက် ပြောသွားသည်။

ချင်းပြည်နယ် ထန်တလန်မြို့နယ် ရွေးကောက်ပွဲ ဖြစ်မြောက်ရေး ကော်မီတီ အတွက် သက်ဆိုင်ရာ ကြံ့ဖွံ့အသင်း ခေါင်းဆောင် (၄) ဦး နှင့် ညီလာခံကိုယ်စားလှယ်တက်ရောက်သူ တဦးကို ရွေးချယ်လိုက် ပြီး ယင်းအထဲက တဦးကို အမတ်လောင်းအဖြစ် လျာထားမည်ဖြစ် ကြောင်း သိရ သည်။

နအဖစစ်အရာရှိများသည် လူအားငွေအားအသုံးပြုပြီး ပြည်နယ်၊ တိုင်းအသီးသီးတွင် ကိုယ်တိုင် စည်းရုံးရေးကွင်းဆင်းနေကြပြီး နိုင်ငံကျော် အဆိုတော်များပါဝင်စေပြီး စည်းရုံးရေးလုပ်ရန်များပြုလုပ်ရန် စီစဉ်နေကြကြောင်း၊ ချင်းပြည်နယ်စည်းရုံးရေးတွင်လည်း ချင်းအမျိုးသမီး အဆိုတော် ဆုန်သင်းပါရ် ပါဝင် သည့်အဖွဲ့က စည်းရုံးရေးလုပ်ငန်းကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

စစ်အစိုးရသည် ၂၀၁၀ ရွေးကောက်ပွဲအတွက် ၎င်းတို့ ဖွဲ့စည်းပေးမည့် နိုင်ငံရေးပါတီအနိုင် ရရှိရေးအ တွက် လှုပ်ရှား မှုတွေပြုလုပ်နေပြီဖြစ်သော်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီအစရှိသည့် တခြားနိုင်ငံရေးပါတီများကိုမူ တရားဝင် စည်းရုံးခွင့်နှင့် ၎င်းတို့၏ ပါတီလုပ်ငန်း လုပ်ဆောင်ရန် လုံးဝပိတ်ပင်ထားသည်။

■

# အာဏာပိုင်များက ၂၀၁၀ ရွေးကောက်ပွဲအတွက် ပြည်သူများကို ကြံ့ဖွတ်အသင်းသို့ ဝင်ခိုင်း

ခိုနူမ်းထုန်သတင်း
၂၅ ဧပြီလ ၂၀၀၉

မြန်မာနိုင်ငံ အနောက်ဖက်ဒေသ ချင်းပြည်နယ် ဖလမ်းမြို့နယ် အတွင်းရှိ တောင်သူ၊ အလုပ်သမား၊ ကုန်သည်များ အား ကြံ့ဖွံ့အသင်းသို့ မဖြစ်မနေဝင်ခိုင်းရန် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဝင်း ဒေါ့က သက်ဆိုင်ရာ အုပ်စုစာရေးများအား ယခုလ ဧပြီလဆန်းမှ စပြီးတာ ဝန်ပေးထားကြောင်း သိရသည်။ "အထက်အမိန့်ဆိုတော့ မဝင်လို့ မရဘူးလေ၊ အတင်းဝင်ခိုင်း တာဆိုတော့ ခေါင်းညိတ်ရတာပေါ့၊ တချို့လူတွေဆိုယင် အုပ်စုစာရေးတွေက သူတို့ဆန္ဒမရယူပဲ

*စာမျက်နှာ (၁၃)သို့*

*စာမျက်နှာ (၁၂)မှအဆက်*

နာမည်သွင်းပေးကြတယ်၊ အစိုးရဝန် ထမ်းတွေကျတော့ သူတို့ လူလို့ သဘောထားကြတယ်၊ ပြီးတော့ အခြား နိုင်ငံရေးပါတီ၊ အဖွဲ့ အစည်းထံ မဝင်အောင် တားကြတယ်၊ လာမည့် ၂၀၁၀ ရွေးကောက် ပွဲမှာ အခြားနိုင်ငံရေးပါတီသို့ မဲမထည့်ရန်နည်း အမျိုးမျိုးသုံးပြီးစည်းရုံးကြတယ်” ဟု ဒေသခံတောင်သူတဦး က ဆိုသည်။

စစ်အစိုးရက လာမည့်ရွေးကောက်ပွဲအတွက် ချင်းပြည်နယ်တွင် ၁၈နှစ်အထက် ပြည်သူများကို ကြံ့ခိုင် ရေးအသင်းတွင် ဝင်ခိုင်းသည့်အပြင် ဈေးသက်သက်သာသာဖြင့် မှတ်ပုံတင်များကို လည်းပြုလုပ်နေကြောင်းသိရသည်။

ယင်းကိစ္စနှင့်ပတ်သက်ပြီး ပြည်တွင်းရှိ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် ပါတီဝင်တဦးက “အသက် ၁၈ နှစ်ပြည့်ပြီး မဲပေးနိုင် သူအားလုံး ကြံ့ဖွတ်အသင်းထဲ ဝင်ခိုင်းတော့ တခြားနိုင်ငံရေး ပါတီတွေရှိလာယင် ဒီနိုင်ငံရေးပါတီက ကြံ့ဖွတ် အသင်းသား တွေကိုပဲ စည်းရုံးရမှာပဲ၊ ဒီတော့ တခြား နိုင်ငံရေးပါတီတွေ ထူထောင်ခွင့်မရှိအောင် တနည်းတဖုံလုပ် တာပါ “ ဟု ဆို သည်။

ဖလမ်းမြို့နယ်အတွင်း အစိုးရ ဝန်ထမ်းမပါဝင်ပဲ မဲပေးနိုင်သူ တောင်သူ၊ အလုပ်သမား၊ ကုန်သည်ဦးရေ ၂၀၀၀၀ ခန့်ရှိပြီး ၂၀၀၈ ခုနှစ် မေလ အတွင်းကျင်းပသည့် ပြည်သူ့ဆန္ဒခံယူပွဲတွင် ကန့်ကွက်မဲက အနိုင်ရသွားသည်။

အလားတူ ချင်းပြည်နယ်တခြား မြို့နယ်များဖြစ်သည့် ပလက်ဝ၊ မတူပီမြို့နယ်များတွင်လည်း ကြံ့ဖွတ် အသင်းသို့ ဝင်ကြရန် သက်ဆိုင်ရာ အာဏာပိုင်များက အုပ်စုစာရေးများ အား တာဝန်ပေးထား ကြောင်း၊ စစ်ကိုင်းတိုင်း ကလေးမြို့နယ် အတွင်း ကျောင်းသားများအား ကြံ့ခိုင်ရေးအသင်းသို့ အတင်း ဝင်ခိုင်းကြောင်း၊ တောင်သူ၊ လက်လုပ်လက်စား၊ ကုန်သည်များ ကို ပြည်ခိုင်ဖြိုးသို့ အတင်း ဝင်ခိုင်းကြောင်း သိရပြီး ၂၀၁၀ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြီးစီး နိုင်ရေးအတွက် ပြည်သူ လူထုအား စည်းရုံးနေကြောင်းသိရသည်။

■

# စစ်အစိုးရက ချင်းပြည်နယ်တွင်တယ်လီဖုန်းများချပေး

ခိုနူမ်းထုန်သတင်း
၂၉ မေ ၂၀၀၉

မြန်မာနိုင်ငံအနောက်ဘက်ဒေသ ချင်းပြည်နယ်၏ဒုတိယ မြို့တော်မတူပီမြို့တွင်စစ်အစိုးရက တယ်လီဖုန်းများ ချပေးနေ သည်ဟုသိရသည်။

ပြီးခဲ့သော မတ်လ ၂၂ ရက်နေ့ကစပြီး မတူပီမြို့ပေါ်အတွက် ဖုန်းအလုံး ၅၀၀ ချပေးခဲ့ပြီး ဖုန်းတလုံးအတွက် ကျပ်ငွေ ၇၅၂၀၀၀ သတ်မှတ်ထားသည်ဟုမတူပီမြို့ခံတဦးကပြောသည်။

ဖုန်းတပ်ဆင်လိုသူများသည် မတူပီမြို့ပေါ် မြန်မာ့စီးပွားရေး ဘဏ်တွင် ကျပ်ငွေ ၇၅၂၀၀၀ ကိုပေးသွင်းရပြီး ထိုမှတဆင့် ဘဏ်လက်မှတ်နှင့်မိမိတို့အိမ်ထောင်စုစာရင်း၊ မှတ်ပုံတင်၊ မယကအဖွဲ့၏ထောက်ခံစာများကို တယ်လီဖုန်းရုံးသို့သွား ပြပြီးမှ တယ်လီဖုန်းဝန်ထမ်းများကလာရောက် တပ်ဆင်ပေး သည်ဟုသိရသည်။
သတ်မှတ်ထားသည့်ဈေးနှုန်းကို အကုန်ပေးသွင်းနိုင်မှသာလျှင် တယ်လီဖုန်းများကိုလာရောက်တတ်ဆင်ပေးသည်ဟု သိရသည်။ ထို့ကြောင့် ပြည်သူလူထုအများစုမှာ ကျပ်ငွေ ၇သိန်းကျော်ကို တခါတည်းပေးသွင်းဖို့မတတ်နိုင်ကြသော ကြောင့် ယခုချိန်ထိ တယ်လီဖုန်းအလုံး ၅၀၀ မှအလုံး ၈၀ ခန့်သာတပ်ဆင် နိုင်သေးသည်ဟု တယ်လီဖုန်းတတ်ဆင်ခဲ့ သည့်မြို့ ခံတဦးကပြောသည်။ “တချို့ကျတော့ ငွေကို တခါတည်းအကုန်မပေးသွင်းနိုင်တော့ အဲဒီဘဏ်မှာ ၂ သိန်း၊ ၃ သိန်း နှင့်ကြိုတင်ထားကြ တယ် သတ်မှတ်ထားတဲ့ ဈေးနှုန်းပြည့်ပြီဆိုရင်တော့သူတို့က လာရောက်တပ်ဆင် ပေးမှာဖြစ်တယ်”ဟုအဆိုပါကပြောသည်။

ယခုကဲ့သို့ဖုန်းအသစ်များအစိုးရမှလာရောက်ချပေးသောကြောင့် မိမိတို့လူထုအနေနှင့်ဆက်သွယ်ရေးပိုင်းတွင် နဂိုကထက်ပို ပြီးတော့အဆင်ပြေသည်ဟု၄င်းကဆက်ပြောသည်။

သူက”နိုင်ငံခြားရောက်နေတဲ့ ကျနော်တို့ဆွေမျိုးတွေနဲ့ အဆက်အသွယ်လုပ်ရတာပိုအဆင်ပြေလာတာပေါ့နော် ကျ နော်တို့ဖုန်းရှိပြီဆိုတော့ သူတို့ကအချိန်မရွေးခေါ်ပြီးစကား ပြောလို့ရတယ်”ဟုဆက်ပြောသည်။
အလားတူဘဲ ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်မြို့နှင့် ချင်းပြည်နယ်မြောက်ပိုင်း ထန်တလန်မြို့နယ်များအတွက် စစ်အစိုးရက တယ်လီဖုန်းအသစ်များချပေးနေသည်ဟု သိရသည်။
တောင်တန်းဒေသဖြစ်သော ချင်းပြည်နယ်သည် မြန်မာနိုင်ငံ တွင် လမ်းပမ်းဆက်သွယ်ရေးပိုင်းတွင် အလွန်ညံ့ဖျင်းသည့် ဒေသဖြစ်ပြီး ယခုကမ္ဘာတွင်ခေတ်စားနေသော အင်တာနက် ဆိုင် များလည်း အနည်းအကျဉ်းသာရှိနေသေး သည်ဟုသိရ သည်။ ■

# ယူအဲန်ဒီပီအဖွဲ့မှ အငတ်ဘေးဒဏ်ခံချင်းပြည်သူများကိုဆန်ထောက်ပံ့

ခိုနူမ်းထုန်သတင်း
၂၉ မေ ၂၀၀၉

ဝါးသုဉ်းမှုကြောင့် အစာရေစာငတ်ပြတ်မှု ဘေးဒဏ်ခံစားနေကြသော မြန်မာနိုင်ငံအနောက်ဘက် ချင်းပြည်တောင် ပိုင်း မတူပီမြို့နယ်မှကျေးရွာ ၉ ရွာကိုယူအဲန်ဒီပီအဖွဲ့က ဆန်ထောက်ပံ့ပေးနေပြီး အခြားကျေးရွာများကိုလည်း ထောက်ပံ့ပေးဖို့ စီစဉ်နေသည်ဟုသိရသည်။

ပြီးခဲ့သောမတ်လအတွင်းက မတူပီမြို့နယ်မှအငတ် ဘေးဒဏ် အဆိုးရွားဆုံးရင်ဆိုင်နေရတဲ့ မရာနယ်မြေမှကျေးရွာ ၉ ခုဖြစ်သည့် လုံမန်း၊ စဘောင်းသဲ၊ စဘောင်းပီ၊ မာလာ၊ ဒါရိလင်း၊ တောင်လိုင်လုံကျွဲ၊ စပေါ်၊ ပင်တီယာနှင့်ရွာမန်း စသည့်ကျေးရွာများမှ ဒေသခံများကို လူတဦးလျင် တလအတွက်ဆန် ၇ ပြည်နှုန်းနှင့် သုံးလစာဆန် ထောက်ပံ့ပေး ခဲ့ခြင်းဖြစ်သည်။

"အခုကူညီတာ ယူအဲန်ဒီပီအစီအစဉ်နှင့်ထောက်ပံ့တာတော့မဟုတ်ဘူး World Food Program အစီအစဉ်နှင့်ထောက်ပံ့ကူညီပေးနေတာဖြစ်တယ်လို့ကြားတယ်၊ ဒါပေမဲ့ ယူအဲန်ဒီပီအဖွဲ့ကဆန်ဝယ်တာ၊ ဆန်ဝေတာတို့ပြီးတော့ ထောက်ပံ့မည့်လူဦးရေစာရင်းပြုစုတာတွေ အစစအရာရာကိုသူတို့က တာဝန်ယူလုပ်ဆောင်ပေးတယ်" ဟုမတူပီမြို့ခံတဦး ကပြောသည်။

မတူပီမြို့နယ်အတွင်းရှိအငတ်ဘေးဒဏ်ဆိုးဆိုးရွားရွားရင်ဆိုင်ကြသော အခြားကျေးရွာအများစုကိုလည်း ထောက်ပံ့ပေးနိုင်ရန်အတွက်ယူအဲန်ဒီပီကစီစဉ်လျက်ရှိပြီး လာမည့်မေလအတွင်း နောက်ထပ်ဆန်ထောက်ပံ့ပေးမည်ဖြစ်သည် ဟုသိရသည်။ သို့သော်လည်း ကျေးရွာမည်၍မည်မျှနှင့်လူဦးရေဘယ်လောက်ထောက်ပံ့ပေးမည်ကို မူအတိအကျမသိသေးကြောင်း ၄င်းကဆက်ပြောသည်။

ယူအဲန်ဒီပီဝန်ထမ်းများသည် ကျေးရွာများတွင်ကွင်းဆင်းပြီး လူထုအခြေအနေနှင့် ထောက်ပံ့မည့်ကျေးရွာ၊ လူဦးရေစာရင်းများပြုစုပြီး လူတဦးလျှင်တလအတွက် ဆန် ၇ ပြည်နှုန်းနှင့်သုံးလစာထောက်ပံ့ပေးမည်ဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေးညံ့ဖျင်းမှုကြောင့် ကျေးရွာတိုင်းတွင်ကားသွားလာလို့မရသည့်အတွက် ကားအသွားအလာလွယ်ကူသော မတူပီ၊ လိုင်လင်းပီ၊ ရေဇွာ၊ ကစဲ စသည့်တို့တွင်ဆန်များကိုသိုလှောင်ထားမည်ဖြစ်ပြီး ထို့နောက်ကျေးလက်ဒေသများမှလူထုများကလာရောက်သယ်ယူကြမည်ဖြစ်သည်။ ရွာသားများ၏ သယ်ယူ ခလမ်းစရိတ်များကိုလည်းငွေကြေးနှင့်ပြန်ပေးမည်ဖြစ်သည်ဟုမတူပီမြို့ခံကဆက်ပြောသည်။

အနှစ် ၅၀ တကြိမ်ဖြစ်လေ့ရှိသည့် ဝါးပျက်သုဉ်းမှုသည် လွန်ခဲ့သော ၂၀၀၆ နှစ်ကုန်ပိုင်းကစပြီး ချင်းပြည်နယ်တွင်ကျရောက်လာပြီး ချင်းလူထုများအကြီးအကျယ်အစာရေစာခေါင်းပါးမှုဒဏ်ရင်ဆိုင်နေကြရသောကြောင့် တချို့ချင်းပြည်သူများသည် အိန္ဒိယ နိုင်ငံ မီဇိုရမ် ပြည်နယ်တွင်းသို့ ပြောင်းရွှေ့လာနေကြသည်။

ဝါးပျက်သုဉ်းမှု၏နောက်ဆက်တွဲဖြစ်ပေါ်လာသည့် အစာရေစာခေါင်းပါးငတ်မွတ်မှုဒဏ်သည်အနည်းဆုံး ၅ နှစ်ခန့်ကြန့် ကြာလျက်ရှိသည်။

ထို့ကြောင့် ၂၀၀၆ နှစ်ကုန်ပိုင်းကစတင်ပြီးဖြစ် ပေါ်နေသည့်အစာရေစာ ခေါင်းမှုသည် ၃ နှစ်သက်တမ်း ရောက်ရှိလာပြီဖြစ်ပြီး ချင်းလူထုများ၏ ငတ်ပြတ်မှုဒဏ်မှာမူ ပိုမိုဆိုးရွားလာနေသည့် အခြေအနေဖြစ်နေသည်။

ယခုကဲ့သို့ချင်းလူထုများသည် အငတ်ဘေးဒဏ်ရင်ဆိုင်နေကြသော်လည်း မြန်မာနိုင်ငံကိုအုပ်ချုပ်နေသည့်စစ်အစိုးရဘက်မှ ယခုချိန်ထိတစိုးတစေ့မှထောက်ပံ့ကူညီပေးခြင်းမရှိသည့်အပြင်၊ ၄င်းတို့၏တပ်သားများကကျေးလက်ဒေသချင်းပြည်သူများထံငွေကောက်ခံခြင်း၊ လူထုပိုင်အိမ်မွေးတိရိစ္ဆာန်များကိုသတ်ဖြတ်ခြင်း၊အခွန်ငွေများတိုးမြင့်ကောက်ခံမှုတွေလျော့မသွားသည့်အပြင် ပိုမိုတိုးပွားလာနေသည်။

စစ်အစိုးရမှထောက်ပံ့ကူညီမှုတွေမပေးသော်လည်း အင်ဂျီအိုအဖွဲ့များဖြစ်သည့် World Food Program, Country Agency for rural Development(CAD), စသည်တို့နှင့် အိမ်နီးချင်းပြည်နယ်မီဇိုရမ်တွင် ချင်းလူထုများမှဖွဲ့စည်းထားသည့် Chin Famine Emergency Relief Committee(CFERC), Chin Humanitarian and Relief Committee(CHRC), Chin Public Affair Committee of Chin Land(CPAC), Women League of Chin land(WLC) တို့မှတတ်နိုင်သည့်ဘက်မှ အငတ်ဘေး ရောက် ချင်းပြည်သူများ ကိုအကူအညီ ပေးနေလျက်ရှိသည်။ ■

# တိုင်းမှူး၏ နယ်မြေဖွံ့ဖြိုးရေးခရီးစဉ်အပေါ် ပြည်သူများ စိတ်ပျက်

ခိုနူမ်းထုန်သတင်း
၂၂ ဧပြီ ၂၀၀၉

နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အလယ်ပိုင်းတိုင်း တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ ၏ နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် ချင်းပြည်နယ်ခရီးစဉ်အပေါ် ဒေသခံပြည်သူများ စိတ်ပျက်နေကြသည်ဟုသိရသည်။

ယခုနှစ် ဧပြီလ (၉) ရက်နေ့တွင် တိုင်းမှူးသည် ချင်းပြည်နယ်မြောက်ပိုင်း၊ တီးတိန်မြို့သို့ ရောက်ရှိ လာပြီး နေ့လည် (၁၂) မှ ညနေ ၃ နာရီခန့်အထိ တီးတိန်မြို့၊ မြို့မခန်းမဆောင်၌ ဌာနဆိုင်ရာ ဝန်ထမ်းများ ၊ မြို့မိမြို့ဖများနှင့် ကြံ့ဖွံ့ ခေါင်းဆောင်များ၊ အမျိုးသမီးအသင်းမှ ခေါင်းဆောင်များ စုစုပေါင်း (၇၀) ခန့် နှင့် တွေ့ဆုံခဲ့ကြောင်းသိရသည်။

ထိုသို့ တွေ့ဆုံရာတွင်တိုင်းမှူးမှ နယ်မြေဖွံ့ဖြိုးရေးများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မိဘပြည်သူ၊ ဝန်ထမ်းများအနေဖြင့် မိမိတို့ဒေသ၏ အခက်အခဲများကို တင်ပြနိုင်ကြောင်း၊ ထိုမှ တဆက်တည်း လာ မည့် ၂၀၁၀ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပြီးစီးနိုင်ရေးအတွက် ရွေးကောက်ပွဲကို တခဲနက်ထောက်ခံရန်လိုအပ်ကြောင်း၊ ရွေးကောက်ပွဲကို ဆန့်ကျင်သည့် ပြည်တွင်းပြည်ပမှ အဖျက်အမှောင့်ရန်များကို အထူးသတိထားစေချင်ကြောင်း နှင့် ၎င်းတို့ စကားကို နားမယောင်သင့်ကြောင်း နောက်ဆုံးအနေနဲ့ မှာကြားသွားပြီး တိုင်းမှူး သည် ညနေ ၄ နာရီခန့်တွင် ကလေးမြို့သို့ ကုန်းကြောင်းဖြင့်ပြန်လည်ထွက်ခွါသွားသည်ဟုမြို့ခံတဦးကပြောသည်။

"ကျနော်တို့အနေနဲ့ တိုင်းမှူးပြောတာတွေ စိတ်မဝင်စားတော့ပါဘူး၊ တာဝန်အရ အစည်းအဝေးကို တက်တာပါ၊ ဘာကြောင့်လဲဆိုတော့ ဆန္ဒခံယူပွဲတုံးကလည်း စစ်ဗိုလ်ချုပ်တွေလာသွားတယ်၊ ကတ္တရာ လမ်းတွေခင်းပေးမယ်၊ ကျောင်းတွေ၊ ဆေးရုံတွေဆောက်ပေးမယ်၊ ထောက်ခံမဲပေးကြပါဆိုပြီး လာ ရောက်စည်းရုံးသွားတယ်၊ ထောက်ခံမဲပေး လဲပေးပြီးရော ဘာတခုမှ လာလဲလုပ်မပေးဘူး" ဟုအစည်း အဝေးတွင် ပါဝင်တက်ရောက်သူကိုယ်တိုင်က ပြောပြ သည်။

နယ်မြေဖွံ့ဖြိုးရေးကိစ္စနှင့် ပါတ်သက်၍ စစ်ကိုင်းတိုင်း၊ ကလေးမြို့နဲ့ ချင်းပြည်နယ်တီးတိန်မြို့ အကြားကားလမ်းကို ကတ္တရာခင်းပေးရန် တင်ပြခဲ့ကြကြောင်း တိုင်းမှူးမှ သူတို့ တင်ပြချက်နှင့် ပါတ်သက်၍ အထက်ကို တင်ပြပေးမည်ဟု တုံ့ပြန်သွားကြောင်း အဆိုပါ ပုဂ္ဂိုလ်ထံမှ သိရသည်။

၂၀၀၈ ခုနှစ်၊ မေလတွင်ကျင်းပသည့် ပြည်သူ့ဆ န္ဒခံယူပွဲတွင် ချင်းပြည်နယ်အတွင်း ဖလမ်း၊ ဟားခါး၊ ထန်တလန် မြို့နယ်များတွင် ကန့်ကွက်မဲက အနိုင်ရရှိပြီး တီးတိန်၊ တွန်းဇံ၊ မတူပီ၊ မင်းတပ်၊ ကန်ပက် လက်မြို့ နယ် များတွင် ထောက်ခံမဲက အနိုင်ရရှိသွားသည်။ ■

## ရယကဥက္ကဋ္ဌများကို စစ်တပ်မှထောက်ပံ့ကြေးပေးတော့မည်

ခိုနူမ်းထုန်သတင်း
၂၄ ဧပြီ ၂၀၀၉

မြန်မာနိုင်ငံ၊ ချင်းပြည်နယ်တောင်ပိုင်း ပလက်ဝမြို့နယ်ကျေးရွာအသီးသီးမှ ရယကဥက္ကဋ္ဌများကို စစ်တပ်မှ ထောက်ပံ့ကြေးပေးတော့မည်ဟုသိရသည်။

ယခုလ ၁၃ ရက်နေ့က ပလက်ဝမြို့နယ် ရှင်းလက်ဝတွင် တပ်စွဲထားသော ခလရ (၂၃၄)မှ စစ်ကြောင်းမှူးဖြစ်သူ ဗိုလ်မှူးမျိုးမြင့်က ၎င်းတို့တပ်နယ်ရှိ ကျေးရွာဥက္ကဋ္ဌများကိုဆင့်ခေါ်ခဲ့ပြီး ကျေးရွာရယကဥက္ကဋ္ဌများကို တလ လျှင် ကျပ်ငွေ ၁၅၀၀၀ စီထောက်ပံ့ပေးမည်ဖြစ်ကြောင်းပြောဆိုခဲ့သည်ဟု ဒေသခံရယကတဦးကပြောသည်။

သို့သော်လည်းမည်သည့်အချိန်မှစပြီးထောက်ပံ့ကြေးပေးမည်ကို ပြောဆိုခြင်းမရှိကြောင်း၊ တဆက်တည်း ၂၀၁၀ ခုနှစ်ထွေထွေရွေး ကောက်ပွဲအတွက် အကောင်းမွန်ဆုံးဖြစ်နိုင်ရန် ရယကဥက္ကဋ္ဌ များအနေဖြင့် မိမိတို့၏ ကျေးရွာ လူထု များကို တာဝန်ယူစည်းရုံးထားကြရန်၊ ၂၀၁၀ ရွေးကောက်ပွဲမအောင်မြင်ပါက ကျနော်လည်း တပ်ကနေနုတ်ထွက်ပြီး လုံခြုံတဲ့နေရာမှာ အနားယူတော့မည်ဟု ဗိုလ်မှူးကပြောဆိုခဲ့သည်ဟု ၎င်းကဆက်ပြောသည်။

"ပလက်ဝမြို့နယ်မှာရှိတဲ့ ကျေးရွာရယကဥက္ကဋ္ဌတွေအားလုံးကို တစ်လမှာ ကျပ်ငွေ ၁၅၀၀၀ စီထောက်ပံ့ပေးပြီး ရယ ကတွေက ၂၀၁၀ ခုနှစ်အထွေထွေရွေးကောက်ပွဲအတွက် ကျနော်တို့ကျေးရွာလူထုတွေကို တာဝန်ယူစည်းရုံးပေးရ မယ်ဆိုတဲ့သဘောပါဘဲ"ဟုအဆိုပါကပြောသည်။

ပြီးခဲ့သော ၂၀၀၈ ခုနှစ်မေလ ၁၀ ရက်နေ့ကစစ်အစိုးရမှ ကျင်းပပြုလုပ်သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း

*စာမျက်နှာ (၁၆)သို့*

*စာမျက်နှာ (၁၅)မှအဆက်*

အတည်ပြုသည့် လူထုဆန္ဒခံယူပွဲပြုလုပ်သည့်အချိန်မှာလည်း ချင်းပြည်နယ်အတွင်း သုံးမြို့နယ်တွင်ကန့်ကွက်မဲ အသာရရှိခဲ့သောကြောင့် လာမည့် ၂၀၁၀ ခုနှစ်အထွေထွေရွေးကောက်ပွဲတွင်ထောက်ခံမဲရရှိနိုင်ရန်အတွက်လူထုကိုနည်းမျိုးစုံနှင့်စည်းရုံးနေခြင်းဖြစ်သည်။

နအဖစစ်အစိုးရသည် ခေတ်မှီဖွံ့ဖြိုးတိုးတက်သည့်ဒီမိုကရေစီနိုင်ငံတော်သစ်တရပ်တည်ဆောက်နိုင်ရန်အတွက်ဟုဆိုကာ ၄င်းတို့၏လမ်းပြမြေပုံအဆင့် ၇ ဆင့်မှအဆင့် ၅ ဖြစ်သည့် အထွေထွေရွေးကောက်ပွဲကို လာမည့် ၂၀၁၀ ခုနှစ်တွင် ကျင်းပပြုလုပ်ဖို့စီစဉ်နေပြီးယင်းအတွက်ယခုချိန်မှစပြီး စစ်အစိုးရအကြီးအကဲများနှင့် ၄င်းတို့၏လက်ကိုင် တုတ်အဖွဲ့အစည်းဖြစ်သောကြံ့ဖွံ့ကလည်းစည်းရုံးရေးတွေပြုလုပ်နေပြီဖြစ်သည်။

ပလက်ဝမြို့နယ်အတွက် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းအတွက် လက်ရှိ နေပြည် တော်တွင် စစ်မှုထမ်းနေသူ ပလက်ဝမြို့နယ်၊ ပါရာကျေးရွာသား ဗိုလ်ကြီး လိုင်ဒိန်းကို နေပြည်တော်မှ စေလွှတ်ထားသည်။ ■

## အာဏာပိုင်များက ပြည်သူလူထုအား မဝယ်မနေရအမိန့်ဖြင့် မြေခွန်စာအုပ်များ ဝယ်ယူခိုင်း

ခိုနူမ်းထုန်သတင်း

၂၈ မေ ၂၀၀၉

မြန်မာနိုင်ငံအနောက်ဖက်ဒေသ ချင်းပြည်နယ်ပလက်ဝမြို့နယ်ရှိကျေးရွာအားလုံးကို တစ်ရွာလျှင် မြေခွန်စာအုပ် တစ်အုပ် ကျပ်ငွေ ၅၀၀၀နှုန်းဖြင့် မြို့နယ်အေးချမ်းသာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက (မရက) ပြီလမှစ၍ မဝယ်မနေရ အမိန့်ဖြင့် ဝယ်ယူခိုင်းနေကြောင်း သိရသည်။

အမှန်ဆိုယင် ကျေးရွာတရွာက စာအုပ်တအုပ်ကို ကျပ်ငွေ ၅၀၀၀ စီပေးရမှာ၊ အုပ်စုစာရေးတွေက တအိမ်ကို ကျပ်ငွေ တထောင်စီ ပြန်ကောက်တယ်၊ သူတို့လစာအဖြတ်ခံရတာ ကျပ်ငွေ ၅၀၀၀ ဖြစ်တယ်၊ ကျနော်တို့ကျေးရွာ က အိမ်ခြေ ၂၀ ရှိတယ်၊ အုပ်စုစာရေးက ကျပ်ငွေ ၂၀၀၀၀ ရသွားတယ်၊ အထက် မရယကို တင်ပြကြပေမဲ့ မရယ တွေက ခင်ဗျားတို့ အုပ်စုစာရေးနဲ့ ပြန်လည် ဆွေးနွေး ကြပါလို့ပဲ ပြန်ပြောတယ် ဟု ဒေသခံတဦးက ဆိုသည်။

ယခုလို မြေခွန်စာအုပ်ကို ကျေးရွာအုပ်စုစာရေးတွေကသိမ်းဆည်းထားရန်ဖြစ်ပြီး လူထုအနေဖြင့်နှစ်စဉ်မြေခွန်ပေးဆောင်ခြင်းအပေါ် လူထုမှ အသေးစိပ်သိရှိရန်ဖြစ်ကြောင်း၊ ဤ စာအုပ်ကို ကျေးရွာ တိုင်းမှာ ထားရှိမှာဖြစ်ပြီး ဤ စာအုပ်ဘိုးကို အာဏာပိုင်တွေက အုပ်စုစာရေးများ၏ လစာထဲက ကျပ်ငွေ ၅၀၀၀ စီဖြတ်တောက်ထားကြောင်း၊ မြေခွန်ဆိုသည်မှာ ဤနယ်မြေအတွင်း နေထိုင်ခွင့်အတွက်ဖြစ်ကြောင်း အဆိုပါ ဒေသခံက ဆက်လက်ပြောပြသည်။

ဒေသခံတဦးက” ကောက်တာကိုတော့ ထားပါတော့၊ တအိမ်ကို ကျပ်ငွေ ၁၀၀၊ ၂၀၀ စီပဲကျမှာ၊ အုပ်စုစာရေးတွေ အကြောင်းပြတာက သူတို့ဟာ တအုပ်စုမှာ ကျေးရွာနှစ်ရွာ၊ သုံးရွာစီပါတယ်၊ တရွာ ငါးထောင်အတွက် သူတို့လ စာအဖြတ်ခံရတာ၊ ကျန်နှစ်ရွာအတွက် စာအုပ်နှစ်အုပ်စာတသောင်းဘိုးအတွက် ကောက်ရ တာပါဟု အကြောင်းပြ ကြကြောင်း၊ အိမ်ခြေတရာကျော် နှစ်ရာပတ်ဝန်းကျင်ရှိတဲ့ ကျေးရွာ ဆိုလျှင်ကောက်ရငွေဟာ မနည်း ဘူးလေ သိန်းဂဏန်းထိရှိသွားတယ်” ဒေသခံတဦးထံမှသိရသည်။

ပလက်ဝမြို့နယ်အတွင်း မြေခွန်ကို တအိမ်လျှင် တနှစ်အတွက် ကျပ်ငွေ ၅၀၀ ပေးဆောင်ကြပြီး ကျေးရွာအုပ်စုပေါင်း ၉၇ ခုခန့်နှင့် ကျေးရွာပေါင်း ၄၀၀ ခန့်ရှိသည်ဟုသိရသည်။

စစ်အစိုးရသည် အုပ်စုစာရေးများကို ကျေးရွာ ရယကအဖွဲ့၏ အတွင်းရေးမှူးအဖြစ် တာဝန်ပေး ထားခြင်းဖြစ်ပြီး ၄င်းတို့သည် တလတခါ မယက ပုံမှန်အစည်းအဝေးများကို တက်ရောက်ကြကြောင်း၊ ၄င်းတို့၏ မတရားလုပ်ရပ်ကို သက်ဆိုင်ရာ မရယ အဖွဲ့က အရေးယူခြင်းမရှိကြောင်းသိရသည်။

## အာဏာပိုင်များထံ ကျပ်ငွေ ငါးသိန်းကြိုတင်အခွန်ဆောင်မှ ချင်းပြည်နယ်တွင် အိမ်ဆောက်ခွင့်ရ

ခိုနူမ်းထုန်သတင်း

၂၄ မေ ၂၀၀၉

ချင်းပြည်နယ်၏ မြို့ပေါ်များတွင် လူနေအိမ်များဆောက်လုပ်လိုပါက ဒေသခံအာဏာပိုင်များထံကျပ်ငွေငါးသိန်း ကြိုတင်အခွန်ဆောင်မှသာ ရိုးရိုး သွပ်မိုး ပျဉ်ထောင်အိမ်တလုံးဆောက်ခွင့်ရသည်ဟုသိရသည်။

ဟားခါးမြို့ပေါ်တွင် ပျဉ်ထောင်အိမ်တလုံးဆောက်လုပ်ခအတွက် ကျပ်ငွေ ငါးသိန်းကို ရပ်ကွက် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ စည်ပင်သာယာရေးဌာန၊ ကျန်းမာရေးဌာန၊ မြေတိုင်းဦးစီးဌာန၊ မီးတပ်ဌာန၊ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ စသည့် ဌာန (၆)ခုထံ အသီးသီးအခွန်ပေးဆောင်ရသည်။ *စာမျက်နှာ (၁၇)သို့*

*စာမျက်နှာ (၁၆)မှအဆက်*

အိမ်မြေနေရာ ရှိပြီးသူတဦးသည် အိမ်တလုံးဆောက်လုပ်မည်ဆိုလျှင် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီထံ အိမ်ဆောက်ခွင့် ရရှိရန်အတွက် ထောက်ခံစာကြိုတင်ယူရကြောင်း၊ ထိုမှ တဆင့် မြို့ပေါ်သန့်ရှင်း ရေးအတွက် စည်ပင်သာယာရေးဌာန၏ ခွင့်ပြုချက်ကိုင်၄င်း၊ မြို့ပေါ်လူထုကျန်းမာရေးနှင့် ကိုက်ညီမှုရှိမရှိဆိုပြီး မြို့နယ် ကျန်း မာရေးဌာန၏ ခွင့်ပြုချက်ကို၄င်း၊ မီးဘေးကာကွယ်ရေးအတွက်မီးသတ်ဌာန၏ ခွင့်ပြုချက်ကို၄င်း၊ မြေဂရမ် တိုင်း ပေး ရေးအတွက် မြေတိုင်းဦးစီးဌာန၏ ခွင့်ပြုချက်ကို၄င်း၊ မြို့ပေါ် ရုံပုံငွေအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၏ ခွင့်ပြုချက်ကို ၄င်း အသီးသီး ရယူပြီး ယင်းခွင့်ပြုမိန့်အတွက် ဌာနတခုစီမှ ကျပ်ငွေငါးသောင်းနှင့်တသိန်းအကြားအခွန်ဆောင်ပြီးမှ အိမ်တလုံးဆောက်ခွင့် ရသည်ဟု မြို့ခံတဦးထံမှ သိရသည်။

"ကျနော်တို့မြို့ပေါ်နေပြည်သူတွေအတွက် ရိုးရိုးအိမ်တလုံးဆောက်ပိုင်ဆိုင်ဘို့ဆိုတာ လုံးဝမလွယ်ပါ၊ အဲဒီအိမ်တလုံး မဆောက်ခင် အိမ်မြေနေရာကိုလည်း အရင်ဝယ်ရတယ်၊ ပြီးတော့ ပျဉ်၊ သွပ်ပြား၊ သံချောင်း၊ သံမှို ဝယ်ရသေးတယ်၊ အိမ်ဆောက်ခ အတွက် လက်သမားငှားရတယ်၊ လက်သမား၏ အရည်အချင်းရှိမရှိအတွက် ဆောက်လုပ်ရေးဌာနက လာစစ်တယ်၊ အဲဒီအတွက် ခြေကြွခပေးရတယ်၊ အိမ်သစ်တက်ခ ကျပ်ငွေ ငါးသောင်းပေးရသေးတယ်၊ ကျနော့ အိမ်တလုံးအတွက်အိမ်မြေနေရာကျပ်သိန်းခြောက်ဆယ်ကုန်သွားတယ်၊ အဲဒါတောင်မှာ ကျနော့်အိမ်ဟာ တတိယ လိုင်းတန်းအဆင့်မှာဖြစ်ပါတယ်"ဟု အဆိုပါ ဒေသခံက ပြောသွားသည်။

ဟားခါးမြို့၌ ယခုလက်ရှိ အိမ်ခြေပေါင်း ၃၅၀၀ကျော်ရှိပြီး အိမ်ထောင်စု ၁၆၀၀၀ခန့်ရှိပြီး အယင်နှစ်များတွင် တနှစ် လျှင် အိမ်ဆောက်နိုင်သူ ၂၀ ဦးခန့်ရှိသော်လည်း ၂၀၀၈– ၂၀၀၉ ခုနှစ်တွင် အိမ်မြေနေရာပိုင်ဆိုင်ပြီးသော်လည်း အိမ် ဆောက်နိုင်သူ ၁၀ ဦး ခန့်သာရှိကြောင်း၊ တချို့ အိမ်ဆောက်သူများသည် အခွန်ငွေမတတ်နိုင်ခြင်းကြောင့် ဆောက်လုပ်ဆဲ အိမ်ကိုတန်းလန်းထား ခဲ့ပြီး အိမ်ငှား ဘဝဖြင့် နေထိုင်နေကြရသည်ဟု၄င်းက ဆက်လက် ပြောသွား သည်။

ထို့အပြင် တိုက်အိမ်တလုံးဆောက်လုပ်လိုပါက အခြားဌာနများမသေးပါဘဲ စည်ပင်သာယာရေးဌာနတခုတည်းမှာ တင်ကျပ်ငွေ ၁၀ သိန်းအခွန်ဆောင်ပြီးမှ တိုက်ဆောက်ခွင့်ရပြီး ပျဉ်ထောင်အိမ်တလုံးအတွက် စည်ပင်ဌာနကို ကျပ်ငွေ သုံးသောင်းပေးဆောင်ရသည်ဟုသိရသည်။

အလားတူ ချင်းပြည်နယ်ရှိတခြားမြို့များ၌လည်း အိမ်ဆောက်သူများ အိမ်ဆောက်ခွင့်ရရှိရန် အထက်ပါ ဌာနများထံ အခွန်ဆောင်ကြကြောင်းသိရပြီး တချို့ မြို့ပေါ်များတွင် အခွန်မတတ်နိုင်သဖြင့်ပြီးစီးမှုမရှိသည့် အိမ်များလည်း တနေ့ ထက်တနေ့တိုးပွား လာနေကြောင်းသိရသည်။ ■

## အရက်ချက်လိုင်စင်ကို ချင်းခရစ်ယာန်အသင်းတော်မှ ဘာသာရေးဘတ်ဂျက်ငွေအရှုံးခံပြီး ပြန်လည်ဝယ်ယူ

ခိုနူမ်းထုန်သတင်း
၁၈ မေ ၂၀၀၉

ချင်းပြည်နယ်၏မြို့တော် ဟားခါးမြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ နှစ်စဉ်လေလံတင်ရောင်းချနေသည့် အရက်ချက်လိုင်စင်ကို ယခုနှစ်အတွက် ချင်းခရစ်ယာန်အသင်းတော်တခုမှအသင်းတော်ငွေအရှုံးခံပြီးပြန်လည်ဝယ်ယူလိုက်ကြောင်းသိရသည်။

အရက်ပပျောက်ရေးကိုမျှော်ကိုးပြီး အာဏာပိုင်များမှလေလံတင်ရောင်းချသည့်အရက်ချက်လိုင်စင်ကို ဟားခါးမြို့ ဟောင်းနှစ်ချင်းခရစ်ယာန်အသင်းတော်မှ အသင်းတော်ငွေ အရှုံးခံပြီး ကျပ်ငွေ ၈ သောင်းဖြင့်ဝယ်ယူလိုက်ခြင်းဖြစ် သည်ဟုအသင်းတော်လူကြီးတဦးထံမှသိရ သည်။

"အရက်ပပျောက်ရေးကို မျှော် ကိုးပြီး ဝယ်ယူရတာဖြစ်ပါတယ်၊ မိမိတို့အနေနဲ့အရက်ကိုချက်လုပ်မှာမဟုတ်ပါဘူး၊ ဒီလိုဝယ်ယူလိုက်ရလို့ဟားခါးမြို့ပေါ်မှာချက်အရက်မရှိသလောက်ဖြစ်နေပါပြီ၊ ယခုဆို နယ်အထိပါ အကျိုးသက်ရောက်မှုရှိလာပြီ"ဟု အသင်းတော်လူကြီးတဦးထံမှသိရသည်။

ယခင့်ယခင်နှစ်များတွင် အရက်ချက်လိုင်စင်ကို ပုဂ္ဂိုလိကပြည်သူများမှ ဝယ်ယူသည့် အခါ ဟားခါးမြို့တွင် ချက်အရက်အလွန်ပေါများပြီး ကျောင်းသားလူငယ်များ အင်မတန်ပျက်စီးကြပြီး အရက်ကြောင့် မိသားစုအတွင်း လူမှုရေး ပြဿနာပေါ်များလာသောကြောင့် အဲဒါတွေကို ပပျောက်စေချင်သည့်အတွက် ၂၀၀၈ ခုနှစ်ကတည်းက ဝယ်ယူထားပြီဖြစ်တဲ့ ယင်းလိုင်စင်ကိုဆက် လက်ဝယ်ယူလိုက်ခြင်းဖြစ်သည်ဟု၄င်းက ဆက်ပြောသည်။

ယင်းအရက်ချက်လိုင်စင်ကို မိမိတို့ထည့်ဝင်တဲ့အသင်းတော်ဘတ်ဂျက်ကုန်ယင်ကုန်ပါစေ၊ အရက်မရှိယင်တော်ပါပြီ၊

*စာမျက်နှာ (၁၈)သို့*

*စာမျက်နှာ (၁၇)မှအဆက်*

အရက်မရှိမှမိမိတို့သားသမီးတွေလည်းအကျင့်ကောင်းလာမှာ၊ ယခုဆို သားသမီးတွေအတွက် ပိုမို စိတ်အေးလာပါပြီ၊ အသင်းသားတွေ အရက် ပုံးချက်လုပ်ရောင်းဝယ်ပါက ၄င်းတို့၏ မိသားစု သာရေးနာရေးကို တာဝန်ယူမှာမဟုတ်ဘူးလို့ အသင်းတော်အတွင်းစည်းကမ်းထုတ်ထားတယ်၊ အဲဒါကောင်းတယ်၊ အသင်းတော်လူကြီးတွေ အပေါ် အထူးကျေးဇူးတင်တယ်ဟုအသင်းတော်လူကြီးတဦးကဆိုသည်။

အလားတူ ထန်တလန်မြို့ပေါ်တွင် ၂၀၀၇ခုနှစ်ကတည်းက အရက်ချက်လိုင်စင်ကို နှစ်ခြင်းခရစ်ယာန်အသင်းတော်မှ ဝယ်ယူရန်ကြိုးစားခဲ့သော်လည်း အာဏာပိုင်များမှ ခွင့်မပြုကြောင်း၊ ဖလမ်းမြို့ပေါ် ခရစ်ယာန်အသင်းတော်မှလည်း ၂၀၀၈ ခုနှစ်တွင် အရက်ချက်လိုင်စင်ကို သက်ဆိုင်ရာ အာဏာ ပိုင်များ ထံဝယ်ယူရန်လျှောက်ထားသော်လည်း အာဏာပိုင်များမှ ခွင့်မပြုခဲ့ကြောင်းသိရသည်။ယခုလက်ရှိတွင်ဟားခါးမြို့ပေါ်၌ချက်အရက်များပိုမိုရှား ပါးလာနေပြီးနိုင်ငံခြားအရက်နှင့် အစိုးရလုပ်ဘီအီးအ ရက်များ သာရှိတော့သည်ဟု သိရသည်။

ချင်းပြည်နယ်အတွင်း အရက်များ ချက်လုပ်ရောင်းဝယ်မှုမပြုရန် ချင်းအမျိုးသားတပ်ဦးမှ ၁၉၉၆ ခုနှစ်တွင် အမိန့် ထုတ်ပြန်ခဲ့သည်။ အမိန့် အရ ၄င်းနှစ်အတွင်း ထန်တလန်မြို့ပေါ်ရှိ အရက်ဆိုင်တခုကို အရေးယူမှုပြုလုပ်ခဲ့သည်။ချင်းအမျိုးသားတပ်ဦးသည် လက်နက်ကိုင်လမ်းစဉ်ဖြင့် စစ်အစိုးရကို တော်လှန်တိုက်ပွဲဝင်နေသည့်အဖွဲ့အစည်းဖြစ်သည်။
နအဖ စစ်ဗိုလ်များသည် ဤအမိန့်ကို ဗီလာပြုပြီး တချို့ စစ်ဗိုလ်များသည် ၄င်းတို့ တာဝန်ကျရာ တပ်နယ်များတွင် ၄င်းတို့ကိုယ်တိုင် အရက်များ ရောင်းဝယ်နေကြပြီး ချင်းပြည်နယ်အတွင်း အရက်လိုင်စင်ကို လွတ်လပ်စွာ ဝယ်ယူနိုင်ကြောင်း၊ ချင်းအမျိုးသားတပ်ဦး၏ အမိန့်ကို လိုက်နာပါက အရေးယူခြင်းခံရမည်ကြောင်း ချင်းပြည်သူများ ထံ ခြိမ်းခြောက်ခဲ့ကြောင်း သိရသည်။ ■

# ကျပ်ငွေ ၄သိန်းလဒ်ထိုးနိုင်မှ စစ်တပ်မှ နုတ်ထွက်အနားယူခွင့်ပေးမည်

ခိုနူးမ်ထုန်သတင်း
၁၈ မေ ၂၀၀၉

လက်ရှိမြန်မာ့တပ်မတော်တွင်တာဝန်ထမ်းဆောင်နေသောစစ်သားများသည် သက်ဆိုင်ရာ တပ်ရင်းမှူး ထံ ကျပ်ငွေ (၄) သိန်းလဒ်ထိုးနိုင်ပါက စစ်တပ်မှနုတ်ထွက်အနားယူခွင့်ရသည်ဟု သိရသည်။

ယခုလို ငွေကြေးအဆမတန် တောင်းပြီး စစ်တပ်မှ အနားယူခွင့်ပေးမည် ဆိုခြင်းဟာ အသက် (၆၀) မပြည့် သူများ စစ်တပ်မှ အနားယူခွင့် ပိတ်ပင်လိုခြင်းနှင့် လက်ရှိစစ်တပ်အင်အား မလျော့အောင် ထိန်းသိမ်းလိုခြင်း ကြောင့်ဖြစ် သည်ဟု ခလရ (၂၆၆) တပ်ရင်းမှ အမည်မဖော်လိုသူ တပ်သားတဦးထံမှ သိရသည်။

"ကျနော်တို့ တပ်သားတဦးရဲ့လစာဟာ တလကို ကျပ်ငွေ ၁၇၀၀၀ ပါ၊ ဒီအထဲကတပ်တွင်းရံပုံငွေအတွက်ဆိုပြီး အဖြတ်ခံရတယ်၊ ကျနော်တို့တပ်သားတွေအနေနဲ့ စစ်တပ်က အနားယူဘို့ ကျပ်ငွေ ၄ သိန်းက ဘယ်ပေးနိုင်မလဲ၊ ကျနော်တို့ စစ်တပ်ကတရားဝင်အနားယူခွင့်ဆိုတာဘယ်တော့မှရမှာလည်းမဟုတ်ပါ၊ ထွက်ပြေးရုံက လွဲလို့ ကျနော်တို့ တသက် စစ်သားဘဝမှာမြှုပ်နှံရမှာပဲ၊သေပြီးမှစစ်တပ်ဘဝကနေ ကျွတ်ရမည့်အနေအထားပါ"ဟု အဆိုပါ တပ်သားက ပြောသည်။
ယခုနအဖစစ်အစိုးရလက်အောက်မှတာဝန်ထမ်းဆောင်နေကြသော တပ်မတော်သားအများစုမှာ မိမိတို့လစာနဲ့လုံးဝမဖူလုံသည့်အပြင် စစ်ကြောင်းထွက်လျှင် လည်းဒေသခံပြည်သူတေထံ့ ကြက်၊ဝက်၊ဆန်တွေကိုမရမကတောင်းစားနေရပြီး မရလျှင်လည်းအထက်ကအဆူအဆဲခံရသည့်အပြင် ပြည်သူတွေရဲ့အမုန်းကိုလည်းခံကြရသည့်အတွက် တပ်မှထွက်ခွာလိုချင်ကြသည်ဟု၄င်းတပ်သားကဆက်ပြောသည်။

ယခုလက်ရှိ စစ်အစိုးရ၏တပ်သား တစ်ဦးရဲ့ တလ လစာမှာ ကျပ်ငွေ ၁၇၀၀၀၊ ဒုတပ်ကြပ်မှတပ်ကြပ်ကြီး၊ အရာခံဗိုလ်လစာမှာ ကျပ်ငွေနှစ်သောင်းမှ သုံးသောင်းအထိဖြစ်ပြီး၊ တပ်မတော်အရာရှိများ၏ လစာ သည် ကျပ်ငွေ ခုနှစ်သောင်း မှ ဆယ်နှစ်သိန်းအထိ ရရှိကြသည့်အပြင် အထူးခံစား ခွင့်များ ကိုလည်း ရရှိကြကြောင်းသိရသည်၊

၂၀၀၄ခုနှစ်အထိ တပ်သားများ၏ တလ လစာသည်ကျပ်ငွေ ခုနှစ်ထောင်သာဖြစ်သော်လည်း လိုအပ် သည့် ရိက္ခာထောက်ပံ့ ပစ္စည်းအဖြစ် ဆပ်ပြာ၊သွားတိုက်တံ၊ သွားတိုက်ဆေးနှင့်စစ်ဝတ်စုံများကို ၆လ တခါ အသစ်ထုတ်ပေးခဲ့သော်လည်း ၂၀၀၅ ခုနှစ် လစာတိုးပြီးနောက်ပိုင်း ဖော်ပြပါထောက်ပံ့ ပစ္စည်း များ မထုတ်ပေး တော့အပြင် ကုန်ဈေးနှုန်းအဆမတန်မြင့် တက်လာခြင်းကြောင့် စားဝတ်နေရေး ပိုမို ခက်ခဲလာသဖြင့် စစ်တပ်မှ အနားယူလိုသူများပြားလာခြင်းဖြစ်သည်ဟုသိရသည်။
"စစ်သားတွေဟာ တဖက်မှာလည်းသနားစရာ ကောင်းကြပါတယ်သူတို့စစ်ဝတ်စစ်စားတွေစစ်ဖိနပ်တွေဟာ ဖာထေးရာတွေ

*စာမျက်နှာ (၁၉)သို့*

*စာမျက်နှာ (၁၈)မှအဆက်*

နဲ့ ဝတ်စားကြကြောင်း တခါတလေ ကျတော်တို့နဲ့တွေ့ယင် ဆေးလိပ်တွေ၊ ခိုင်နီးတွေသူတို့အရာရှိတွေမမြင်အောင် တောင်း နေကြသည်”ဟု နယ်စပ်ရောက် ကုန်သည်တဦးမှပြောသည်။

၁၉၈၈ ခုနှစ်အထိ စစ်တပ်တဦးသည် အနည်းဆုံး (၅) နှစ် တာဝန်ထမ်းရန် ကတိခံဝန်ချုပ်လက်မှတ် ထိုးခိုင်းကြပြီး ပင်စင်ရလိုပါက၁၀နှစ်အထိသတ်မှတ်သည်။(၅) နှစ်သက်တမ်း ပြည့်ပြီးသူသည်တပ်မှလစာမဲ့ထွက်ခွင့်ရှိပြီးတပ်ထဲပြန်ဝင်လိုပါက (၆)လ အတွင်း ပြန်ဝင်ခွင့်ရှိသည်။ အသက် (၆၀)ပြည့်ပြီးသူ အရာခံမှ အမြင့်ဆုံးအထိ ပင်စင်ပေးကြသော်လည်း ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် တပ်မတော် စစ်ဗိုလ်ချုပ်ကြီးများသည် အသက် ၆၀ကျော်လွန်သော်လည်း အငြိမ်းစား ပင်စင်မယူဘဲ ရာသက်ပန် သေဆုံးတဲ့အထိစစ်တပ်ထဲ၌ တာဝန်ထမ်းဆောင် နေကြသောကြောင့်လက်အောက်ခံငယ်သား အရာခံစစ်ဗိုလ် များ၏ ရာထူးတက်လမ်းအတွက် နှောင့်နှေးနေပါသဖြင့်တချို့ လူ ငယ်စစ်ဗိုလ်များစိတ်ပျက်နေကြသည်ဟုသိရသည်။ ■

## နွားကုန်သည်များထံ စစ်တပ်မှ အဆမတန်ငွေကောက်ခံ၊ မီဇိုရမ်တွင် အမဲသားဈေးတက်

ခိုနူမ်းထုန်သတင်း
၂၄ မေ ၂၀၀၉

ချင်းပြည်နယ်တွင် တပ်စွဲထားသော နအဖစစ်သားများက နွားကုန်သည်များထံ အဆမတန်ငွေကောက်ခံနေသည့်အ တွက်ယင်း၏ဂယက်ရိုက်ခတ်မှုကြောင့်တဖက်မီဇိုရမ်ပြည် နယ်အတွင်း အမဲသားဈေးများမြင့်တက်သွားခဲ့သည်။

ထန်တလန်မြို့တွင် တပ်စွဲထားသော ခလရ (၂၆၆) မှ စစ်သား များသည် မီဇိုရမ်ပြည်နယ်သို့နယ်စပ်တောလမ်းအတိုင်း နွား များကိုမောင်းနှင်လာကြသောနွားကုန်သည်များထံအဆမ တန်ငွေကောက်ခံလေ့ရှိသည့်အတွက်မီဇိုရမ်ပြည်နယ်အတွင်း အမဲသား ဈေး ယခင် ရူပီး ၁၅၀ မှ ရူပီး ၁၈၀ အထိတက်သွား ခဲ့ကြောင်းသိရသည်။

“ဒီခလရ (၂၆၆) စစ်တပ်တွဟာတရားမဝင်ကျနော်တို့ နွားကုန်ကူးတာကို မှောင်ခို ကုန်ကူးတယ်ဆိုပြီး တကောင်လျှင် ကျပ်ငွေ ၂ သောင်းဖြင့်ယခုနှစ်ဧပြီလအတွင်းကောက်ခံခဲ့ပါ တယ်၊ မနှစ်က ဆို ယင် တကောင်ကို ကျပ်ငွေတစ်သောင်းပေး ရတယ်၊ကျနော်တို့ကုန်သည်တွေဟာနွားအရောင်းအဝယ်မိုင် ၄၀၀ခန့်ဝေးသည့်ခရီးတခေါက်အတွက်ရက်ပေါင်း၆၀ လောက် ကြာတယ်၊လမ်းခရီးကလူငှားခ၊စားစရိတ်နှင့် တွက်ယင် အမြတ်က သိပ် မကျန်တော့ဘူး၊ သူတို့တောင်းတဲ့ ပိုက်ဆံမပေး ဘူး ဆိုယင်နွားတွေကိုသိမ်းတယ် “ဟုအကောက်ခံရသည့် နွား ကုန်သည်တဦးကပြောသည်။

နွားကုန်သည်များသည် နွားများကို စစ်ကိုင်းတိုင်း ကလေးမြို့ နယ်နှင့်မကွေးတိုင်းဂန့်ဂေါနယ်များအထိတကောင်လျှင် ကျပ် ငွေ ၂သိန်း နှင့် ၄ သိန်းအကြားဖြင့်ဝယ်ယူကြပြီး ယင်းနွားများ ကို ချင်း ပြည်နယ်မှ တဆင့် အိန္ဒိယနိုင်ငံ မီဇိုရမ်သို့ ဆွဲသွင်းကာ တကောင်လျှင် ရူပီး တသောင်း နှင့် တ သောင်းငါးထောင်ဖြင့် ဒေသခံသားသတ်သမားတွေထံပြန်လည်ရောင်းချလေ့ရှိသည်။

ယင်းကဲ့သို့ရောင်းချရာမှာလည်း ဒေသခံသားသတ်သမား များက ငွေကြေးများကိုတိုက်ရိုက်မချေနိုင်ကြကြောင်း၊တလ နှစ်လခန့်စောင့်နေရသည့်အပြင်စစ်သားများကအခွန်ငွေ ကောက်ခံသည့်အတွက်စိတ်ပြတ်နေကြကြောင်းနွား ကုန်သည် တဦးကပြောသည်။

အလားတူ ချင်းပြည်နယ်အခြားဒေသများမှလည်း နွားအပြင် နွားနောက်၊ ကျွဲ၊ ဝက် စသည့် အိမ်မွေး တိရိစ္ဆာန်များကို မီဇိုရမ် တွင်းသို့ဆွဲသွင်းလာကြသည်ကိုနယ်စပ်တာဝန်ကျစစ်တပ် များအပြင်၊ပြည်သူ့ရဲများက ပိုက်ဆံကောက်နေကြ ကြောင်း၊ စစ်တပ်စခန်းနှင့် ရဲစခန်း ရောက်တိုင်းကုန်သည်များသည်၄င်း တို့ထံ အခွန်ဆောင်ရကြောင်းသိရသည်။

ချင်းပြည်နယ်တောင်ပိုင်းပလက်ဝမြို့နယ်မှကုလားတန်မြစ် အတိုင်းစက်လှေဖြင့်တင်ဆောင်လာသောဝက်များကို နယ်မြေ ခံစစ်တပ်မှတကောင်လျှင်ကျပ်၂ထောင်စီကောက်ရကြောင်း သိရသည်။

ကျပ်ငွေ ၅၀၀၀၀ ခန့် ပေးရသည့် ဝက်တကောင်ကို ရူပီးငွေ ၅ ထောင်ဖြင့်ပြန်လည်ရောင်းချနိုင်ကြောင်း၊ သို့သော်ပလက်ဝမှ အိန္ဒိယ – မြန်မာနယ်စပ်အထိ စက်လှေခနှင့်အခွန်များ ကြောင့် အမြတ်သိပ်မကျန်ကြောင်းမီဇိုရမ်ပြည်နယ်၊လောင်တလိုင် အခြေစိုက် ဝက်ကုန်သည်တဦးထံမှသိရသည်။

ပြည်တွင်းနွားကုန်သည်များသည် တခေါက်လျှင် နွားကောင်ရေ ၁၀၀ မှ ၂၀၀ ကြားမီဇိုရမ်တွင်းသို့ ဆွဲ သွင်းလာကြပြီး မီဇိုရမ်အတွင်း တနှစ်လျှင် နွား၊ နွားနောက်၊ ကျွဲ၊ ဝက်၊ ဆိတ် စသည့် အိမ်မွေး တိ ရိစ္ဆာန်များ  တသိန်းခန့် ဝင်နေကြောင်း သားသတ်သူ မီဇိုရမ် ပြည်သူများထံမှ ရသည်။ ■

# အစိုးရ၏ တာဝန်လစ်ဟင်းမှုကြောင့် ပြည်သူလူထုမှ ကျပ်ငွေ သိန်းတရာတန်တံတားဆောက်မည်

ခိုနူမ်းထုန်သတင်း
၂၈ မေ ၂၀၀၉

ယိုယွင်းပျက်စီးလုဖြစ်နေသောတံတားကို တာဝန်ရှိအာဏာပိုင်များမှအသစ်ပြုပြင်ပေးခြင်းမရှိခြင်းကြောင့်မြန်မာနိုင်ငံ အနောက်ဘက်စစ်ကိုင်းတိုင်းကလေးမြို့နယ်အတွင်း ကျေးရွာပြည်သူများကကိုယ်ထူကိုယ်ထဖြင့်ပြုပြင်နိုင်ရန်ငွေကောက်ခံနေသည်ဟုသိရသည်။

ကလေးမြို့နယ်မှ ၁၃ မိုင်ခန့်အကွာတွင်တည်ရှိသည့် ယင်း Tuingo သံကြိုးတံတားသည်အချိန်ကြာမြင့်စွာသုံးစွဲမရဖြစ်နေသော်လည်း အာဏာပိုင်များမှဆောက်လုပ်ပေးခြင်းမရှိသည့်အတွက် ပတ်ဝန်းကျင်ရှိကျေးရွာ ၃၀ မှလူထုထံတအိမ်ကျပ်ငွေ ၅၀၀၀ စီကောက်ခံပြီးကိုယ်နည်းကိုယ့်ဟန် ဖြင့်ပြုပြင်ရန်ပြင်ဆင်နေကြခြင်းဖြစ်သည်။ ယင်းတံတားသည် ကလေး–တမူးသွားနိုင်သည့်ကားလမ်းပေါ်တွင်တည်ရှိသည်။

တံတားအတွက် ကျပ်ငွေ သိန်းတရာ ကုန်ကျမှာဖြစ်ပြီး တအိမ်ကျပ်ငွေငါးထောင်စီကိုသက်ဆိုင်ရာရယကတွေက ကောက်ခံနေကြပြီး၊၄င်းလုပ်ငန်းအားလုံးကိုကလေးမြို့နယ်၊အောင်ရွာ ရယက ဥက္ကဌကတာဝန်ယူမှာဖြစ်ကြောင်း ဒေသခံမြင်းလှရွာသားတဦးကပြောသည်။

ဤတံတားသည် ကုန်တင်ယဉ်ကြီးများသွားနိုင်မည့် အလျားပေ ၂၀၀ အကျယ် ၂၀ ပေတံတားဖြစ်ပြီးမိုးရာသီအတွင်းကားများချောင်းမဖြတ်နိုင်သဖြင့်ကိုယ်ထူကိုယ်ထဖြင့်ဆောက်လုပ်ကြမှာဖြစ်ကြောင်း၊ဤလုပ်ငန်းကိုယခုနှစ်မေလဆန်းမှစတင်မှာဖြစ်ကြောင်းအဆိုပါ ဒေသခံကဆက်ပြောသည်။

ကျနော်တို့ယခုလိုတံတားဆောက်ရမှာကငွေကြေးတတ်နိုင်လို့မဟုတ်ပါ၊မိုးရာသီအတွင်းပြည်သူတွေခရီးသွားလာရေးအခက်အခဲကြောင့်ဖြစ်ပြီးတံတားဆောက်လုပ်ပေးရန် အထက်အာဏာပိုင်တွေကို နှစ်စဉ်တင်ပြပေမဲ့ သူတို့ထံမှ ဘာတုံ့ပြန်မှုမျှမရှိသဖြင့် ယခုလို စီစဉ်ထားတာဖြစ်တယ်၊အမှန်ဆိုယင်လမ်းပန်းဆက်သွယ်ရေးဟာအစိုးရကလုပ်ရမည့်တာဝန်ပါ၊သူတို့ကမလုပ်ပေးတော့ကျနော်တို့ကဤရံပုံငွေကိုအရစ်ကျနှစ်ခါဖြင့်ကောက်ပြီးလုပ်ကြမှာဟုဒေသခံရယကတဦးထံမှသိရှိရသည်။

အလားတူ ကလေးမြို့မှ အနောက်မြောက်ဖက် ၃ မိုင်ခန့်ဝေးသည့် ကလေး – လက်ပံချောင်းရွာကြားဆယ်ကြီးတံတားသည်လည်းအစိုးရ၏ တစုံတရာပံ့ပိုးမှုမရှိပဲ ကိုယ်ထူကိုယ်ထဖြင့်ဆောက်လုပ်ခဲ့ပြီးဖြစ်သည်။

ဤ ဒေသအတွင်း ကျေးရွာ ငါးဆယ်ခန့်ရှိပြီး ကလေးမြို့နယ်၏ လယ်ယာထွက်ကုန် ၄၀ ရာခိုင်နှုန်းသည်ယင်းဒေသမထွက်ရှိကြောင်း၊ယခုတည်ဆောက်နေသည့် တံတားများသည် ခရီးသွားပြည်သူများ၊ကုန်သည်များနေ့စဉ်နှင့်အမျှကုန်စည်ကူးသန်းနေသည့်ကားလမ်းပေါ်တွင်ရှိကြောင်းသိရသည်။

နအဖစစ်အစိုးရသည် ၄င်းဒေသရှိတောင်သူလယ်သမားများထံမှစပါးများကိုတကေတစ်တင်းနှုန်းဖြင့်စစ်တပ်အတွက်ကောက်ခံနေရပြီးယခုနှစ်တွင်လျှော့ဈေးဖြင့်ကောက်ခံနေကြောင်းသိရပြီးပြည်သူများ၏လိုအပ်ချက်များဖြစ်သောလမ်းများတံတားများဆောက်လုပ်ပေးရန်တင်ပြချက်များကိုမူလစ်လျူရှုထားသည်ဟုသိရပါသည်။ ■

***အယ်ဒီတာ့အာဘော်မှအဆက်***

အတွက် တစိုးတစေ့မှ ထောက်ပံ့ကူညီမှုတွေမပေးတာလူတိုင်းအသိပါ။ ပေးဖို့လည်းစစ်ဗိုလ်ချုပ်ကြီးတွေရဲ့စိတ်ကူးထဲရှိမှာမဟုတ်ပါဘူး။ ဒါကြောင့်အင်္ဂတ်ဘေးတွင်းထဲကကျွန်ုပ်တို့မျိုးနွယ်တွေရဲ့ အခက်အခဲတွေကိုကျွန်ုပ်တို့နဲ့အတူနိုင်ငံတကာမှစေတနာအလှူရှင်တွေလက်တွဲညီညီနဲ့ပူးပေါင်းဆောင်ရွက်ပြီးလုံလောက်တဲ့ အထောက်အပံ့တွေနှင့်အမြန်ဆုံးထောက်ပံ့ပေးရန်လိုအပ်နေပါပြီ။အဲလိုမျိုးလုံလောက်တဲ့အထောက်အပံ့တွေကိုဆက်လက်မပံ့ပိုးနိုင်ပါက ချင်းပြည်သူများ၏ ဝမ်းရေးပြဿနာဟာလည်း ပိုမိုဆိုးရွားလာမည့်အခြေအနေကိုကြုံတွေ့လာကြရမည်ဖြစ်ပြီး သူတို့၏ မနက်ဖြန်များစွာဟာလည်း မျှော်လင့်ချက် ကင်းမဲ့နေဆဲဦးမည်သာ — ⬣





အသက် ၁၂ နှစ် အရွယ် ကလေး ငယ်များကလည်း ဝမ်းရေး အတွက် စီအေဒီရဲ့ (Food For Work) အစီစဉ်တွင် ကား လမ်း များတူး ဖော်နေကြပုံ – (ဓာတ်ပုံ – စစ်မုန်းလှူ)










ချင်းပြည်သူနှင့်ပတ်သက်သည့် လက်ရှိအဖြစ်အပျက်များကို ခိုနူးမ်ထုန်သတင်းဌာနသို့
အချိန်မရွေးရေးသားပေးပို့ နိုင်ပါသည်။



**Khonumthung News Group**
P.O Box - 94
Main Post Office
Aizawl - 796001, Mizoram State, India

PRINTED MATTER

To,

..........................................

..........................................

AIR MAIL